Chin National Front
General Headquarters
Chinland

www.chinland.org

# CDCCနှင့် CHRC တို့၏ လုပ်ရပ်အပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီနှင့် စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ရုန်းကန်လှုပ်ရှားနေသော အဖွဲ့အစည်း တရပ်ဖြစ်သည်။ ဤတော်လှန်ရေးကို ဆင်နွဲရာတွင် တရားမျှတမှုရှိပြီး နည်းစနစ်ကျသော အဖွဲ့အစည်း ဖြစ်နိုင်ရေးအတွက် ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပါတီနည်းဥပဒေ၊ စစ်ဖက်ဆိုင်ရာ လမ်းညွှန်ဥပဒေနှင့် အခြား သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းကျင့်သုံး၍ ရပ်တည်လာခဲ့သည်။

ဤဥပဒေပြဋ္ဌာန်းချက်များအရ တော်လှန်ရေးထမ်းဆောင်သူများနှင့် ပြည်သူလူထုများအနေဖြင့် တရားဥပဒေ ကြောင်းလမ်းနှင့်အညီ ၎င်းတို့၏ အခွင့်အရေးများကို မှန်ကန်စွာ ကျင့်သုံးနိုင်ရန် အာမခံချက်များပေး၍ ကာကွယ် စောင့်ရှောက်ပေးသည်။

အခက်အခဲမျိုးစုံကြားမှ ရုန်းကန်လှုပ်ရှားနေချိန်တွင် ရန်သူ့ထံသတင်းရောင်းစားသူများကဖြစ်စေ၊ ဒီမိုကရေစီလမ်း စဉ်ကိုသွေဖီ၍ ဖောက်ပြန်သော အယူအဆလက်ကိုင်ထားသူများကဖြစ်စေ၊ ဘုံရန်သူစစ်အုပ်စုကို တိုက်ခိုက် ရမည့်အစား မိမိတို့ ဒီမိုကရေစီအင်အားစုများအတွင်း အဖျက်သဘောဆောင်သောလုပ်ငန်းရပ်များ ပြုလုပ်လာကြ ကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရသည်။ ဤသို့အဖျက်လုပ်ရပ်များပြုလုပ်ရာတွင် Chin Dignity Control committee (CDCC)နှင့် Chin Human Rights Committee (CHRC) ဟူသော အဖွဲ့နာမည်များကို အသုံးပြု၍ လှုပ်ရှားမှုများပြု လုပ်လာခဲ့ကြသည်။ ထိုအဖွဲ့များသည် ၎င်းတို့အဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်နှင့် လုပ်ငန်းစဉ်ပန်းတိုင်များကိုင်း၊ အဖွဲ့ ဝင်အမည်များကိုင်း။ ပြည်သူလူထုထံ ထုတ်ပြန်၍ ဖြန့်ဝေခြင်း မပြုလုပ်ရဲပဲ ခိုးကြောင်ခိုးဝှက်ပြုလုပ်နေကြပါသည်။ ဤလုပ်ရပ်များသည် စစ်အုပ်စု၏ လက်ကိုင်တုတ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ကြံ့/ဖွံ့) လှုပ်ရှားမှုအသွင်ကို ဦး တည်သောကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အချောင် သမားလူစုလူဖွဲ့ (ပြည်ပ ကြံ့/ဖွံ့)အဖြစ် ရှုမြင်သုံးသပ်ပါ သည်။

ဤသို့ဖြင့် အမျိုးသားရေးလုပ်ငန်းများ အရှိန်မြင့်တင်၍ အားသစ်လောင်း ချီတက်နေချိန်တွင် အချို့သောနေ ရာများ၌ အမြင်ချင်း မတူသောလုပ်ငန်းများရှိနိုင်ပါသည်။ ၎င်းအမြင်များကို အထက်ဖော်ပြပါတရား ဥပဒေများက အာ မခံချက် ပေးထားသော အခွင့်အရေးများကို အသုံးပြု၍ တိုင်တန်းတင်ပြဆွေးနွေးခြင်းများကို လိုက်လှဲစွာ ကြိုဆိုလျှက် ရှိကြောင်း အများအသိပင်ဖြစ်သည်။ သို့သော် ( CDCC )နှင့် (CHRC)တို့သည် မိမိတို့ချင်းလူ့အဖွဲ့အစည်း၏ ဘုံအကျိုးစီးပွါးကို ဆန့်ကျင်သော အခြေအမြစ်မရှိသည့် လုပ်ကြံသတင်းများကို ရေးသား၍ အချို့သော အစိုးရအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများထံ ဖြန့်ဝေခြင်း၊ ဘဏ္ဍာငွေအကူအညီ တောင်းခံခြင်းများပြုလုပ်ကြကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤလုပ်ရပ်များအပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ (NGOs)အဖွဲ့အစည်းများ၊ လူမှုရေးအ သင်းအဖွဲ့အစည်းများနှင့် မဟာမိတ်အဖွဲ့အစည်းများအနေဖြင့် အဖြစ်မှန်လေ့လာ သုံးသပ်ခြင်းများပြုလုပ်ပြီးနောက် ချင်းအမျိုးသားများအရေးကို အလေး အနက်ထား၍ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အားပေးမှုများ မပြုလုပ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ (၁၄)ရက်။

ဗဟိုကော်မီတီ

Chin National Front – General Headquarters, Chinland